ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

## (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC( ၁၃၂၁ ) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၉/၂၀၁၂)နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅)တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC)ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - Mr. TAN, ZHEN(Director) |
| (ခ) | **ဆက်သွယ်ရန်လိပ်စာ** | - Hong Xi Technology(Myanmar)Co.,Ltd. မြေကွက်အမှတ်(၅-အေ)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၄)၊ တောင်ဒဂုံစက်မှုဇုန်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ 09-696412031 |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - CMP စနစ်ဖြင့် လျှပ်စစ်အပိုပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - ၂.၃၅ ဧကာ |
| (စ) | **စီမံကိန်းတည်နေရာ** | - မြေကွက်အမှတ်(၅-အေ)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၄)၊ တောင်ဒဂုံစက်မှုဇုန်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - စတင်ထုတ်ပေးရက် - ၂-၃-၂၀၂၃<br>သက်တမ်းကုန်ဆုံးရက် - ၁-၃-၂၀၂၈ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - Hong Xi Technology (Myanmar) Co.,Ltd. ၏ ၂၀-၁၀-၂၀၂၂ ရက်စွဲပါ စာဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)"** |



ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည် ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင် ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆)လတစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ်အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**Hong Xi Technology(Myanmar)Co.,Ltd. ၏ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ တောင်ဒဂုံစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၄)၊ မြေကွက်အမှတ်(၅-အေ)ရှိ မြေဧရိယာ ၂.၃၅ ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် CMP စနစ်ဖြင့် လျှပ်စစ်အပိုပစ္စည်းအမျိုးမျိုး(Signal Cable ပစ္စည်းအမျိုးမျိုး)ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် စီမံကိန်းအကြောင်းအရာ**

၁။ Hong Xi Technology(Myanmar)Co.,Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ တောင်ဒဂုံစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၄)၊ မြေကွက်အမှတ်(၅-အေ)ရှိ မြေဧရိယာ ၂.၃၅ ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် CMP စနစ်ဖြင့် လျှပ်စစ် အပိုပစ္စည်းအမျိုးမျိုး (Signal Cable ပစ္စည်းအမျိုးမျိုး)ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် Hong Xi Technology(Myanmar)Co.,Ltd. ၏ ၂၀-၁၀-၂၀၂၂ ရက်စွဲပါ စာဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** MR. TAN, ZHEN, Director , Hong Xi Technology(Myanmar)Co., Ltd.၊ မြေကွက်အမှတ်(၅-အေ)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၄)၊ တောင်ဒဂုံစက်မှုဇုန်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၀၉-၆၉၆၄၁၂၀၃၁ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** ထုတ်လုပ်မှုလုပ်ငန်းစဉ်အနေဖြင့် ကုန်ကြမ်းများကို သိုလှောင်ခြင်း၊ ခဲဆော်ခြင်း၊ ကော်ကပ်ခြင်း၊ မိုလောင်းခြင်း၊ စစ်ဆေးခြင်းနှင့် ထုပ်ပိုးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပါသည်။ ကုန်ထုတ်လုပ်မှုအနေဖြင့် တစ်နှစ်လျှင် Internal Signal Cables 5,000,000 pieces, Network Transformer-filter 38,000,000 pieces, External Signal cable Data transmission cable 38,000,000 pieces, External signal cable-DP 3,000,000 pieces, External Signal Cable- U3 – 5,700,000 pieces တို့ကို ထုတ်လုပ်မည်ဖြစ်ပြီး ထွက်ရှိလာသော ကုန်ချော်များကို အမေရိကန်၊ ထိုင်း၊ တရုတ်၊ ဂျပန်နှင့် ဥရောပနိုင်ငံများသို့ တင်ပို့မည်ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အခြေခံကုန်ကြမ်း ၁၅၆ မျိုး အသုံးပြုမည်ဖြစ်ပြီး ကုန်ကြမ်းများကို တရုတ်နိုင်ငံမှ တင်သွင်း အသုံးပြုမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းများကို သီးသန့် ခန်းတွင် စနစ်တကျ သိုလှောင်၍ မီးဘေးအန္တရာယ် ကင်းရှင်းစေရေး ဆောင်ရွက်ထားရှိခြင်းနှင့် မတော်တဆမှုများ ဖြစ်ပေါ်ပါက အလိုအလျောက် အချက်ပေးစနစ်များ တပ်ဆင်ထားရှိမည် ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် ရေအသုံးပြုမှုအနေဖြင့် စက်ရုံဝန်းအတွင်း ရေသိုလှောင်ကန်များတွင် သိုလှောင်ပြီး အဆောက်အဦတစ်ခုချင်းစီသို့ ပိုက်လိုင်းစနစ်ဖြင့် ဖြန့်ဝေမည်ဖြစ်ပြီး လုပ်ငန်းသုံးရေ အများအပြား သုံးစွဲမှု မရှိခြင်း၊ သောက်သုံးရေနှင့် အထွေထွေ

သုံးရေ တစ်နှစ်လျှင် ဂါလန် ၁,၀၀၀,၀၀၀ ဂါလန် အသုံးပြုမည် ဖြစ်ပါသည်။ စွမ်းအင်အသုံးပြုမှု အနေဖြင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ၅၀၀ KVA ထရန်စဖော်မာ တစ်လုံး တပ်ဆင်အသုံးပြုမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်ပွားပါက ၆၅၀ KVA နှင့် ၃၆၅ KW ဒီဇယ်ဂျင်နရေတာများကို အသုံးပြုမည် ဖြစ်ပါသည်။ လောင်စာဆီအသုံးပြုမှု အနေဖြင့် တစ်နှစ်လျှင် ၄,၅၀၀ ဂါလန် အသုံးပြုမည် ဖြစ်ပါသည်။ လျှပ်စစ်စွမ်းအား အသုံးပြုမှု အနေဖြင့် တစ်နှစ်လျှင် ၂၄၆,၁၀၀ kWh ခန့် သုံးစွဲမည် ဖြစ်ပါသည်။ ဝန်ထမ်းအင်အား အသုံးပြုမှုအနေဖြင့် ၁,၁၃၀ ဦးအား တစ်ရက်လျှင် ၈ နာရီနှုန်းဖြင့် လည်ပတ်ဆောင်ရွက်မည် ဖြစ်ပါသည်။ အခြားသော ကုန်ကြမ်းများအား အောက်ဖော်ပြပါ ဇယားအတိုင်း သုံးစွဲမည် ဖြစ်ပါသည်-

| Particular | *A/U | QTY | PRICE IN (USD) | VALUE IN (USD) | HS CODE |
|---|---|---|---|---|---|
| Auto - Lining Machine - M 125 | UNIT | 20.00 | 548.40 | 10,968.00 | 8479811000 |
| Automatic Coil Cutting Machine | UNIT | 10.00 | 434.80 | 4,348.00 | 8465910000 |
| Pressure Line Machine | UNIT | 20.00 | 373.30 | 7,466.00 | 8475299000 |
| Winding Machine | UNIT | 20.00 | 343.40 | 6,868.00 | 8479811000 |
| Five-Axis Stranding Machine | UNIT | 20.00 | 373.30 | 7,466.00 | 8479400000 |
| Semi Auto Streamline | UNIT | 10.00 | 5,381.80 | 53,818.00 | 8428399000 |
| Laser Peeling Machine | UNIT | 20.00 | 9,922.80 | 198,456.00 | 8486204900 |
| Automatic Shifter | UNIT | 20.00 | 2,017.30 | 40,346.00 | 8428909090 |
| Automatic Tin Machine | UNIT | 20.00 | 2,018.20 | 40,364.00 | 8468200090 |
| Automatic Line Cutter - A 225 | UNIT | 20.00 | 2,018.20 | 40,364.00 | 8465960000 |
| Pulse Hot Press Welder | UNIT | 50.00 | 3,027.28 | 151,364.00 | 8515809090 |
| Fixture | UNIT | 200.00 | 80.73 | 16,145.00 | 8466100000 |
| Screen Microscope | UNIT | 80.00 | 179.20 | 14,336.00 | 9011800090 |
| Controlled Temperature Soldering Iron | UNIT | 120.00 | 18.12 | 2,174.00 | 8515110000 |
| UV Curing Machine | UNIT | 20.00 | 567.40 | 11,348.00 | 8543709990 |
| Glue Dispenser | UNIT | 60.00 | 52.17 | 3,130.00 | 8424200000 |
| Electrical Measuring Machine - 001S | UNIT | 60.00 | 712.29 | 42,737.53 | 9030332000 |
| Electrical Measuring Machine - 003S | UNIT | 20.00 | 1,148.39 | 22,967.79 | 9030332000 |
| Microscope | UNIT | 100.00 | 152.63 | 15,263.40 | 9011800090 |
| Manual Shifter | UNIT | 10.00 | 326.90 | 3,269.00 | 8428909090 |
| Manual Tin Stove | UNIT | 20.00 | 79.70 | 1,594.00 | 8514300090 |
| Automatic Line Cutter | UNIT | 20.00 | 139.15 | 2,783.00 | 8465960000 |
| Touch Welder | UNIT | 40.00 | 180.00 | 7,200.00 | 8515390000 |
| USB AM Automatic Soldering Machine | UNIT | 18.00 | 3,177.29 | 57,191.17 | 8515290000 |
| MICRO USB Automatic Soldering Machine | UNIT | 18.00 | 3,105.12 | 55,892.15 | 8515290000 |
| Injection Molding Machine - M 225 | UNIT | 16.00 | 959.82 | 15,357.16 | 8477101090 |
| Injection Molding Machine - M 775 | UNIT | 16.00 | 3,260.58 | 52,169.24 | 8477101090 |
| USB AM External Mold Die Set | UNIT | 6.00 | 4,685.14 | 28,110.86 | 8480719090 |
| MICRO USB External Mold Die Set | UNIT | 6.00 | 4,828.86 | 28,973.18 | 8480719090 |
| Winding Machine | UNIT | 27.00 | 1,220.61 | 32,956.60 | 8422400000 |
| Horizontal Air Stripping Machine | UNIT | 6.00 | 85.66 | 513.97 | 8458110010 |
| Laser Machine | UNIT | 6.00 | 3,702.54 | 22,215.25 | 8456110090 |
| Laser Aluminum Foil Fixture | UNIT | 18.00 | 64.71 | 1,164.78 | 8456110090 |
| Laser Core Wire Fixture | UNIT | 9.00 | 64.71 | 582.36 | 8456110090 |
| Tin Pan | UNIT | 12.00 | 4.41 | 52.94 | 8514400090 |
| Lining Fixture | UNIT | 9.00 | 13.24 | 119.12 | 8479811000 |
| Lining Fixture | UNIT | 36.00 | 13.24 | 476.64 | 8538900000 |
| Double-side Stripping Machine - M 78S | UNIT | 9.00 | 593.43 | 5,340.85 | 8479899990 |
| Double-side Wire Cutting Machine - A12S | UNIT | 3.00 | 454.74 | 1,364.22 | 8479899990 |
| n Pan | UNIT | 6.00 | 26.99 | 161.91 | 8514400090 |
| gh-Frequency Soldering Machine | UNIT | 15.00 | 2,443.76 | 36,656.40 | 8468800000 |
| ermostat Soldering Station | UNIT | 13.00 | 15.44 | 200.74 | 8515110000 |
| ection Molding Machine | UNIT | 12.00 | 1,414.25 | 16,971.04 | 8477101090 |
| ldering Machine | UNIT | 15.00 | 9.93 | 148.90 | 8515290000 |
| ting Machine | UNIT | 24.00 | 756.99 | 18,167.71 | 9031809090 |
| ure Tester | UNIT | | | | |

| Particular | A/U | QTY | PRICE IN (USD) | VALUE IN (USD) | HS CODE |
|---|---|---|---|---|---|
| Computer Mainframes and Monitors | UNIT | 8.00 | 264.71 | 2,117.65 | 8471504001 |
| Rew Riveting Machine | UNIT | 8.00 | 141.25 | 1,130.00 | 8462999000 |
| Fan Heater | UNIT | 3.00 | 24.71 | 74.13 | 8516293100 |
| Image Detection Machine | UNIT | 8.00 | 401.82 | 3,214.59 | 9031499090 |
| Laser Welding Machine | UNIT | 3.00 | 5,201.69 | 15,605.06 | 8515809090 |
| Wire Testing Machine | UNIT | 56.00 | 671.32 | 37,593.70 | 9030209000 |
| USB AM Internal Mold | UNIT | 10.00 | 316.91 | 3,169.12 | 8480719090 |
| MICRO USB Internal Mold | UNIT | 10.00 | 316.91 | 3,169.12 | 8480719090 |
| USB AM External Mold | UNIT | 8.00 | 705.88 | 5,647.06 | 8480719090 |
| MICRO USB External Mold | UNIT | 8.00 | 705.88 | 5,647.06 | 8480719090 |
| Scanning Gun | UNIT | 8.00 | 65.44 | 523.53 | 8471900090 |
| Computer | UNIT | 8.00 | 264.71 | 2,117.65 | 8471419000 |
| Air Compressor | UNIT | 1.00 | 6,148.53 | 6,148.53 | 8414809090 |
| Drying Machine | UNIT | 1.00 | 659.26 | 659.26 | 8418692090 |
| Air Storage Tank | UNIT | 1.00 | 1,764.71 | 1,764.71 | 7311009000 |
| Water Cooling Machine | UNIT | 2.00 | 2,700.29 | 5,400.59 | 8418692090 |
| Automatic Envelop Machine | UNIT | 10.00 | 505.54 | 5,055.38 | 84224000 |
| Mute Compression ( 2.0 Ton ) | UNIT | 8.00 | 556.68 | 4,453.45 | 8463900090 |
| Automatic Tin Soldering Machine | UNIT | 8.00 | 1,256.79 | 10,054.32 | 8468200090 |
| Manual Tin Stove | UNIT | 8.00 | 108.34 | 866.75 | 8514109000 |
| Finished Products Soldering Fixture | UNIT | 10.00 | 28.89 | 288.92 | 8466200000 |
| Voltech ATI | UNIT | 36.00 | 24.08 | 866.75 | 9030820000 |
| Pneumatic Test Rack With 20 Pins | UNIT | 20.00 | 65.03 | 1,300.55 | 9031809090 |
| Pressure Withstanding Machine | UNIT | 2.00 | 433.38 | 866.75 | 9030390000 |
| Finished Products Pressure withstandi | UNIT | 3.00 | 11.56 | 34.67 | 9030900090 |
| CCD Magnifier | UNIT | 15.00 | 57.78 | 866.75 | 9013801000 |
| Visual Inspection Tool | UNIT | 15.00 | 13.00 | 195.00 | 9031900090 |
| Iron pan (with hole) | UNIT | 1,000.00 | 0.87 | 866.75 | 7326901900 |
| Oven | UNIT | 10.00 | 765.63 | 7,656.30 | 8514109000 |
| Printing table | UNIT | 10.00 | 86.68 | 866.75 | 9403100000 |
| Scraper | UNIT | 10.00 | 2.18 | 21.84 | 8205300000 |
| Baseboard | UNIT | 10.00 | 86.68 | 866.75 | 9030900090 |
| Electric welding bench (electric iron) | UNIT | 12.00 | 21.67 | 260.00 | 8311100000 |
| TOTAL | | | | 1,215,282.17 | |

| Sr. No. | Particulars | A/U | Year - 1 | |
|---|---|---|---|---|
| | | | QTY | AMOUNT - US $ |
| 1 | Electric Wire | Mtr | 25,850,880.00 | 3,603,916.80 |
| 2 | Electric Wire | Mtr | 9,289,209.60 | 2,032,697.63 |
| 3 | Electric Wire | Mtr | 6,889,924.80 | 1,629,264.57 |
| 4 | TPE | KG | 51,701.76 | 218,972.16 |
| 5 | TPE | KG | 25,850.88 | 109,486.08 |
| 6 | Plug | PCS | 25,850,880.00 | 2,280,960.00 |
| 7 | Plug | PCS | 7,698,240.00 | 584,160.56 |
| 8 | Plug | PCS | 10,264.32 | 1,992.49 |
| 9 | Plug | PCS | 9,776.76 | 2,587.97 |
| 10 | Plug | PCS | 10,264.32 | 996.24 |
| 11 | Ribbon | PCS | 25,850,880.00 | 209,848.32 |
| 12 | The Iron Shell | PCS | 5,132,160.00 | 63,397.27 |
| 13 | The Iron Shell | PCS | 5,132,160.00 | 54,340.52 |
| 14 | The Iron Shell | PCS | 7,698,240.00 | 47,547.95 |
| 15 | The Iron Shell | PCS | 7,698,240.00 | 47,547.95 |
| 16 | The Iron Shell | PCS | 5,132,160.00 | 36,227.01 |
| 17 | The Iron Shell | PCS | 5,132,160.00 | 36,227.01 |
| 18 | Plastic Shell | PCS | 7,698,240.00 | 135,851.29 |
| 19 | Plastic Shell | PCS | 7,698,240.00 | 135,851.29 |
| 20 | PE Material | KG | 56,871.94 | 120,434.69 |
| 21 | PE Material | KG | 37,962.07 | 80,390.27 |
| 22 | Blister Tray | PCS | 470,016.00 | 103,680.00 |
| 23 | Carton | PCS | 47,001.60 | 58,472.20 |
| 24 | Carton | PCS | 38,491.20 | 50,509.51 |
| 25 | Carton | PCS | 25,660.80 | 33,020.92 |
| 26 | Carton | PCS | 3,851.69 | 2,663.78 |
| 27 | Carton | PCS | 76.98 | 73.09 |
| 28 | Tin Wire | KG | 1,964.67 | 48,799.00 |
| 29 | Tin Wire | KG | 672.12 | 16,694.00 |
| 30 | Tin Wire | KG | 936.62 | 22,619.35 |
| 31 | Tin Wire | KG | 538.88 | 13,385.00 |
| 32 | Tin Wire | KG | 230.95 | 5,736.00 |
| 33 | Tin Wire | KG | 25.66 | 649.10 |
| 34 | Tin Wire | KG | 24.52 | 620.20 |
| 35 | PVC Particle | KG | 32,332.61 | 46,273.67 |
| 36 | PVC Particle | KG | 20,785.25 | 26,409.49 |
| 37 | Cable Clamp | PCS | 7,698,240.00 | 40,755.39 |
| 38 | Cable Clamp | PCS | 5,132,160.00 | 27,170.26 |
| 39 | Cable Clamp | PCS | 5,132,160.00 | 27,170.26 |
| 40 | Hookswitch | PCS | 7,698,240.00 | 40,755.39 |
| 41 | Hookswitch | PCS | 7,698,240.00 | 40,755.39 |
| 42 | Label | PCS | 5,132,160.00 | 33,328.85 |
| 43 | Label | PCS | 3,849,120.00 | 9,917.14 |
| 44 | Label | PCS | 5,132,160.00 | 7,426.54 |
| 45 | Label | PCS | 47,001.60 | 567.34 |
| 46 | Label | PCS | 25,660.80 | 167.10 |

| Sr. No. | Particulars | A/U | Year - 1 | |
|---|---|---|---|---|
| | | | QTY | AMOUNT - US $ |
| 47 | Label | PCS | 89,812.80 | 50,272.45 |
| 48 | Label | PCS | 47,001.60 | 314.36 |
| 49 | Label | PCS | 25,660.80 | 31.79 |
| 50 | Plastic Package | PCS | 3,849,120.00 | 26,015.52 |
| 51 | Tray | PCS | 2,611.20 | 23,270.40 |
| 52 | Tray | PCS | 855.36 | 6,809.17 |
| 53 | PE Bandage | PCS | 5,132,160.00 | 16,302.16 |
| 54 | Recycling Bag | PCS | 1,924,560.00 | 11,717.17 |
| 55 | Copper Foil Tape | Mtr | 359,251.20 | 10,840.93 |
| 56 | Copper Foil Tape | Mtr | 269,438.40 | 10,793.39 |
| 57 | Copper Foil Tape | Mtr | 61,585.92 | 5,434.05 |
| 58 | Pearl Wool | PCS | 470,016.00 | 7,133.18 |
| 59 | Glue | Gram | 230,947.20 | 4,788.76 |
| 60 | Square Set | PCS | 47,001.60 | 3,649.54 |
| 61 | Square Set | PCS | 38,491.20 | 1,514.74 |
| 62 | Square Set | PCS | 25,660.80 | 1,000.92 |
| 63 | Rope | PCS | 7,698,240.00 | 3,532.13 |
| 64 | Packaging Film | KG | 2,337.91 | 4,117.47 |
| 65 | Copper Foil Tape | Mtr | 51,701.76 | 1,295.59 |
| 66 | Copper Foil Tape | Mtr | 51,701.76 | 1,038.29 |
| 67 | Partition Sheet | PCS | 64,152.00 | 4,335.92 |
| 68 | Partition Sheet | PCS | 25,660.80 | 1,154.74 |
| 69 | Desiccant | PCS | 94,003.20 | 2,189.72 |
| 70 | Sealing Powder | Gram | 750,578.40 | 3,311.38 |
| 71 | Sealing Powder | Lbs | 25,850.88 | 114.05 |
| 72 | Fluted Coupling Sheet | PCS | 25,660.80 | 1,258.89 |
| 73 | Fluted Coupling Sheet | PCS | 25,660.80 | 819.64 |
| 74 | Scotch Tape | Mtr | 131,604.48 | 987.03 |
| 75 | Scotch Tape | Mtr | 225,620.02 | 1,353.72 |
| 76 | Scotch Tape | Mtr | 107,773.36 | 756.96 |
| 77 | Barcode | PCS | 38,491.20 | 211.25 |
| 78 | Carbon Belt | Mtr | 3,901.13 | 204.47 |
| 79 | Plug | PCS | 25,850,880.00 | 547,430.40 |
| 80 | Plug | PCS | 5,132,160.00 | 357,741.74 |
| 81 | plug | PCS | 5,132,160.00 | 262,645.84 |
| 82 | Wire Rod | Mtr | 10,583,333.33 | 12,723.62 |
| 83 | Wire Rod | Mtr | 2,250,000.00 | 2,705.02 |
| 84 | Wire Rod | Mtr | 2,250,000.00 | 6,274.15 |
| 85 | Wire Rod | Mtr | 1,316,666.67 | 3,605.58 |
| 86 | Tinned Wire | Mtr | 3,075,000.00 | 3,055.05 |
| 87 | Tin Bar | KG | 83.33 | 244.38 |
| 88 | Tin Bar | KG | 333.33 | 977.51 |
| 89 | Paper Tape | Mtr | 1,250,000.00 | 5,364.13 |
| 90 | Paper Tape | Mtr | 557,500.00 | 2,501.78 |
| 91 | Paper Tape | Mtr | 37,500.00 | 88.60 |
| 92 | Paper Tape | Mtr | 387,500.00 | 458.59 |
| 93 | Paper Tape | Mtr | 25,000.00 | 15.60 |
| 94 | Conductive Fabric | Mtr | 1,250,000.00 | 5,364.13 |
| 95 | Conductive Fabric | Mtr | 557,500.00 | 2,501.78 |
| 96 | Conductive Fabric | PCS | 2500000 | 3287.353772 |
| 97 | Conductive Fabric | Mtr | 25000 | 175.0646334 |
| 98 | Conductive Fabric | Mtr | 45000 | 378.1396082 |

၅။ **စီမံကိန်းတည်နေရာ။** အဆိုပြုစီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ တောင်ဒဂုံစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၄)၊ မြေကွက်အမှတ်(၅-အေ)တွင် တည်ရှိပါသည်။

Hong Xi Technology(Myanmar)Co.,Ltd. ၏ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ တောင်ဒဂုံစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၄)၊ မြေကွက်အမှတ်(၅-အေ)ရှိ မြေရီယာ ၂.၃၅ ကေတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် CMP စနစ်ဖြင့် လျှပ်စစ်အပိုပစ္စည်းအမျိုးမျိုး(Signal Cable ပစ္စည်းအမျိုးမျိုး)ထုတ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ



Hong Xi Technology(Myanmar)Co.,Ltd. ၏ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ တောင်ဒဂုံစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၄)၊ မြေကွက်အမှတ်(၅-အေ)ရှိ မြေရီယာ ၂.၃၅ ကေတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် CMP စနစ်ဖြင့် လျှပ်စစ်အဝိုပစ္စည်းအမျိုးမျိုး(Signal Cable ပစ္စည်းအမျိုးမျိုး) ထုတ်လုပ်ခြင်းလုပ်ငန်း၏ Layout Plan



Hong Xi Technology(Myanmar)Co.,Ltd. ၏ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ တောင်ဒဂုံစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၄)၊ မြေကွက်အမှတ်(၅-အေ)ရှိ မြေရီယာ ၂.၃၅ ကေတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် CMP စနစ်ဖြင့် လျှပ်စစ်အပိုပစ္စည်းအမျိုးမျိုး(Signal Cable ပစ္စည်းအမျိုးမျိုး)ထုတ်လုပ်ခြင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်



## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

### ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ တောင်ဒဂုံစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၄)၊ မြေကွက်အမှတ်(၅-အေ)ရှိ မြေရီယာ ၂.၃၅ ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် CMP စနစ်ဖြင့် လျှပ်စစ်အဝိုပစ္စည်းအမျိုးမျိုး (Signal Cable ပစ္စည်းအမျိုးမျိုး)ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် Hong Xi Technology(Myanmar)Co.,Ltd. ၏ ၂၀-၁၀-၂၀၂၂ ရက်စွဲပါ စာဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို အလေးထား လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** ထုတ်လုပ်မှုလုပ်ငန်းစဉ်အနေဖြင့် ကုန်ကြမ်းများကို သိုလှောင်ခြင်း၊ ခဲဆော်ခြင်း၊ ကော်ကပ်ခြင်း၊ မိုလောင်းခြင်း၊ စစ်ဆေးခြင်းနှင့် ထုပ်ပိုးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ပစ္စည်းကိရိယာများ၊ မီးစက်နှင့် မော်တော်ယာဉ်များကို ပုံမှန်စစ်ဆေးရန်နှင့် အရည်အသွေးပြည့်မီသော လောင်စာဆီကိုသာ အသုံးပြုရန်၊

(၂) သန့်ရှင်းရေးပြုလုပ်ရာတွင် ဖုန်စုပ်စက်များ အသုံးပြုရန်၊

(၃) တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများအား လုံလောက်အောင် စီစဉ်ထားရှိရန်၊

(၄) အမှုန်အမွှားတိုင်းတာသည့် ကိရိယာများ တပ်ဆင် အသုံးပြုရန်၊

(၅) အိတ်ဇောပန်ကာ/ လေမှုတ်ပန်ကာများ တပ်ဆင်ခြင်းနှင့် အခန်းတွင်းလေထု သန့်စင်သောစနစ်များ တပ်ဆင် အသုံးပြုရန်၊

(၆) လေအေးပေးစက်များ အသုံးပြုရာတွင် အိုဇုန်းလွှာ မပျက်စီးစေတတ်သော R290 တားမြစ်ထားသည့် စာရင်းတွင် မပါဝင်သော ဓာတ်ငွေ့များကို အသုံးပြုရန်၊

(၇) အနှံ့ဆိုးနှင့် ဖုန်မှုန့်ထွက်ရှိမှု လျော့နည်းစေရန် လမ်းများအား ရေဖျန်းခြင်းများ ဆောင်ရွက်ရန်၊

(၈) ဒီဇယ်ဂျင်နရေတာတွင် လေစစ်ဇကာများ တပ်ဆင်ရန်၊

(၉) လေအရည်အသွေးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်။

(ဃ) **ဆူညံသံ စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံထွက်ရှိမှုနည်းသော စက်ပစ္စည်းကိရိယာများကို အသုံးပြုရန်၊

(၂) ဆူညံသံထွက်ရှိမှုများသော နေရာများတွင် လုပ်ကိုင်နေရသော ဝန်ထမ်းများအား တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်းများ လုံလောက်အောင် စီစဉ်ထားရှိရန်၊

(၃) မီးစက်များအား လူနေဇရိယာနှင့် ဝေးသောနေရာတွင် သီးသန့် ထားရှိရန်၊

(၄) စက်ပစ္စည်းကိရိယာများ၊ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များနှင့် ဒီဇယ်မီးစက်များကို ပုံမှန် စစ်ဆေးပြုပြင်ခြင်းများ ဆောင်ရွက်ရန်၊

(၅) တည်ဆောက်ရေးကာလတွင် ဆူညံသံထွက်ရှိများသော လုပ်ငန်းများအား နေ့အချိန်တွင်သာ ဆောင်ရွက်ရန်။

(င) **ရေအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံဝန်းအတွင်း ရေနုတ်မြောင်းများအား ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၂) အိမ်သုံးစွန့်ပစ်ရေများအား အရန် ရေနုတ်မြောင်းမှတစ်ဆင့် ပင်မရေနုတ်မြောင်းသို့ ပို့ဆောင်ပြီး စက်မှုဇုန် ရေနုတ်မြောင်းအတွင်းသို့ ချိတ်ဆက် စွန့်ပစ်ရန်၊

(၃) ဝန်ထမ်းများအတွက် အိမ်သာများနှင့် ရေချိုးခန်းများအား လုံလောက်အောင် စီစဉ် ထားရှိခြင်းနှင့် စနစ်တကျ စွန့်ပစ်နိုင်ရေး ဆောင်ရွက်ရန်၊

(၄) မိလ္လာကန်များနှင့် ပုံမှန် သက်ဆိုင်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် ချိတ်ဆက် စွန့်ပစ်ရန်၊

(၅) စက်မှုလုပ်ငန်းသုံးရေကို တိုက်ရိုက် စွန့်ပစ်ခြင်းမပြုဘဲ ပြန်လည် သုံးစွဲခြင်းများ ဆောင်ရွက်ရန်၊

(၆) ရေအလေအလွင့် မရှိစေရန် ပိုက်လိုင်းများအား ပုံမှန် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၇) ရေနုတ်မြောင်းအတွင်း စွန့်ပစ်အမှိုက်များ မကျရောက်စေရန် ရေစစ်ဇကာများ တပ်ဆင်ရန်၊

(၈) စွန့်ပစ်ရေများအား အနည်စုကန်တွင် သန့်စင်အနည်ထိုင်၍ ပြန်လည် သုံးစွဲခြင်းနှင့် စက်မှုဇုန်ရေနုတ်မြောင်းအတွင်းသို့ စနစ်တကျ စီးဆင်းစေရေး ပုံမှန် စစ်ဆေးသွားရန်၊

(၉) ရေအရည်အသွေးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည် အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်။

(စ) **မြေအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လောင်စာဆီများ မြေပေါ်သို့ ယိုဖိတ်ခြင်းနှင့် ယိုစိမ့်မှုများ မဖြစ်ပေါ်စေရန် လောင်စာဆီသိုလှောင်ကန်များအား စနစ်တကျ သိုလှောင်သိမ်းဆည်း ခြင်းနှင့် မော်တော်ယာဉ်၊ စက်နှင့်ယန္တရားများအား ပုံမှန် စစ်ဆေးပြုပြင်ရန်၊

(၂) လုပ်ငန်းခွင်အတွင်း တူးဖော်ပြီး မြေများအား အခြားနေရာများတွင် ပြန်လည် ဖြည့်တင်းရန်၊

(၃) စွန့်ပစ်အရည်များ မြေပေါ်သို့ ယိုဖိတ်ခြင်းမှ ကာကွယ်ရန် ယာယီအမှိုက် ကန်ကို စနစ်တကျ တည်ဆောက်ရန်။

(ဆ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဝန်ထမ်း များအား စက်ရုံအတွင်း တစ်ကိုယ်ရေသုံးပစ္စည်းနှင့် ရှေးဦးသူနာပြု ပစ္စည်း များအား စီစဉ် ထားရှိရန်၊

(၂) စက်ရုံဝန်းအတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေး အစီအမံများ ကြိုတင် ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းခွင်အတွင်း သတိပေးဆိုင်းဘုတ်များနှင့် အရေးပေါ် ဖုန်းနံပါတ် များအား မြင်သာသောနေရာတွင် ထားရှိရန်၊

(၄) ဝန်ထမ်းများအား အသိပညာပေးအစီအစဉ်များ လေ့ကျင့်သင်ကြားပေးရန်၊

(၅) အမှိုက်များကို စနစ်တကျ စွန့်ပစ်နိုင်ရေး စီမံခြင်းနှင့် အိမ်သာများအား စနစ်တကျ တည်ဆောက်ရန်၊

(၆) လုပ်ငန်းခွင်အနီး လက်ဆေးဘေစင်များနှင့် သောက်သုံးရေများအား လုံလောက်အောင် စီစဉ် ထားရှိရန်၊

(၇) ဝန်ထမ်းများအား အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်ရန်။

(၈) **စွန့်ပစ်ပစ္စည်း(အစိုင်၊ အရည်နှင့် အငွေ့)စီမံခန့်ခွဲမှု အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမှိုက်များအား အမျိုးအစားခွဲခြား စွန့်ပစ်စေရန်နှင့် အမှိုက်ပုံးများအား လုံလောက်အောင် စီစဉ် ထားရှိပေးရန်၊

(၂) စွန့်ပစ်အမှိုက်များအား အမျိုးအစားခွဲခြားစွန့်ပစ်၍ သက်ဆိုင်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ချိတ်ဆက် စွန့်ပစ်ရန်၊

(၃) အရည်အသွေးမြင့် လောင်စာဆီများအား အသုံးပြုရန်၊

(၄) အနံ့ဆိုး ထွက်ရှိမှုနှင့် ဖုန်မှုန့်ထွက်ရှိမှု လျော့နည်းစေရန် လမ်းများအား ရေဖျန်းခြင်းများ ဆောင်ရွက်ရန်၊

(၅) အမှိုက်များကို မီးရှို့ဖျက်ဆီးခြင်းများ မပြုရန်၊

(၆) စက်ရုံဝန်းအတွင်း ရေနုတ်မြောင်းများအား စနစ်တကျ ဖောက်လုပ်ခြင်းနှင့် ရေစီး ရေလာ ကောင်းမွန်မှု ရှိမရှိ ပုံမှန် စစ်ဆေးရန်၊

(၇) လုပ်ငန်းသုံးစွန့်ပစ်ရေများအား တိုက်ရိုက် မစွန့်ပစ်ဘဲ သန့်စင်၍ ပြန်လည် သုံးစွဲရန်၊

(၈) မိလ္လာအသုံးပြုမှုအား စနစ်တကျ သုံးစွဲရန်၊

(၉) ပြန်လည်အသုံးပြု၍ရသော စွန့်ပစ်အမှိုက်များအား ရောင်းချရန်၊

(၁၀) အမှိုက်များအား သီးခြားနေရာတွင် စုပုံစွန့်ပစ်၍ စနစ်တကျ စွန့်ပစ်ရန်။

(၈၂) **မီးဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးဘေးအန္တရာယ်ဖြစ်ပေါ်ပါက အရေးပေါ်ထွက်ပေါက်၊ မီးသတ်ရေပိုက်များ၊ လှေကား၊ ဆေးပစ္စည်းများ ထားရှိပေးခြင်းနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို အများမြင်သာသည့်နေရာတွင် ထားရှိခြင်းနှင့် အရေးပေါ် စုရုပ်များ သတ်မှတ် စီစဉ်ရန်၊

(၂) Fire Safety Certificate အချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၃) စက်ရုံဝန်းအတွင်း ဆေးလိပ် သောက်သုံးခြင်းအား ကြပ်မတ်ရန်၊

(၄) မီးသတ်ဆေးဘူးများ သုံးစွဲရန် ကန့်သတ်ရက် ကျော်လွန်မှု ရှိ/မရှိ ပုံမှန် စစ်ဆေးခြင်းနှင့် လဲလှယ်ဖြည့်တင်းခြင်းများ ဆောင်ရွက်ရန်၊

(၅) အရည်အသွေးမပြည့်မီသော လျှပ်စစ်ပစ္စည်းများ၊ ဝါယာကြိုးများ၊ မီးသီး၊ မီးချောင်းများ ပြုပြင်လဲလှယ်ခြင်းနှင့် ဝန်ပိုလျှပ်စစ်ဓာတ်အား အသုံးပြုမှုကို

ထိန်းချုပ် ဖြတ်တောက်ပေးနိုင်သည့် ဖြတ်တောက်ကိရိယာ Auto voltage cutout အသုံး ပြုခြင်းနှင့် အချက်ပေးစနစ်များ တပ်ဆင် အသုံးပြုရန်၊

(၆) မီးလောင်လွယ်သော ဓာတုပစ္စည်းများနှင့် လောင်စာဆီများအား သီးသန့် နေရာတွင် စနစ်တကျ သုံးစွဲရန်။

(ည) **ဓာတုပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်ကို ထိခိုက်မှုမဖြစ်စေသည့် အရည်အသွေးကောင်းမွန်သော ကော်အမျိုးအစားများကို ရွေးချယ်အသုံးပြုရန်၊

(၂) ဝန်ထမ်းများအတွက် တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများအား လုံလောက်အောင် စီစဉ် ထားရှိရန်၊

(၃) ဓာတုပစ္စည်းများ ကိုင်တွယ်အသုံးပြုခြင်းနှင့်ပတ်သက်၍ ထုတ်ပြန်ထားသော စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ သိုလှောင် သိမ်းဆည်း၍ ကိုင်တွယ်အသုံးပြုရန်၊

(၄) အသုံးပြုပြီး ကော်များ၊ ဘူးခွံများကို ရေမြောင်းထဲသို့ တိုက်ရိုက် ဆေးကြော ခြင်းနှင့် စွန့်ပစ်ခြင်းများကို တားမြစ်ရန်၊

(၅) ဝန်ထမ်းများအား ဓာတုပစ္စည်း အသုံးပြုမှုနှင့်ပတ်သက်၍ အရေးပေါ် တုံ့ပြန်ရေး အစီအစဉ်များ အသိပညာပေးခြင်းများ ဆောင်ရွက်ရန်။

(ဋ္ဌ) **စောင့်ကြပ်ကြည့်ရှုမှု စီမံခန့်ခွဲမှု အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလနှင့် လည်ပတ်သည့်ကာလများတွင် လေထုအရည်အသွေးနှင့်ပတ်သက်၍ $PM_{2.5}$, $PM_{10}$, $O_3$, $SO_2$, $NO_2$, CO, $CO_2$ , VOC စသည့် Parameter များအား စီမံကိန်းအတွင်း အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိမရှိ (၁)နှစ်လျှင်(၂)ကြိမ် စောင့်ကြည့်တိုင်းတာရန်၊

(၂) တည်ဆောက်ရေးကာလနှင့် လည်ပတ်သည့်ကာလများတွင် ရေအရည်အသွေးနှင့်ပတ်သက်၍ BOD, COD, pH, Total Suspended Solid, Total Dissolved Solid, Nitrate, Zinc, Sulphate, Oil and Grease, Copper , Nickel, Turbidity စသည့် Parameter များအား စီမံကိန်းအတွင်းရှိ စွန့်ပစ်ရေ ထွက်ရှိရာနေရာတွင် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိမရှိ (၁)နှစ်လျှင် (၂)ကြိမ် စောင့်ကြည့်တိုင်းတာရန်၊

(၃) တည်ဆောက်ရေးကာလနှင့် လည်ပတ်သည့်ကာလများတွင် ဆူညံသံ ထွက်ရှိမှုအား စီမံကိန်းနှင့် လုပ်ငန်းခွင်တို့တွင် Noise Level( dB(A)scale) ဖြင့် ဖော်ပြပြီး တုန်ခါမှုနှုန်းအား စီမံကိန်းအတွင်း အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်နှင့်အညီ လိုက်နာ ဆောင်ရွက်မှု ရှိမရှိ တစ်နှစ်လျှင် (၂)ကြိမ် စောင့်ကြည့်တိုင်းတာရန်၊

(၄) တည်ဆောက်ရေးကာလနှင့် လည်ပတ်သည့်ကာလများတွင် မြေအရည် အသွေးနှင့် ပတ်သက်၍ pH, Texture, Organic, Cargon, Ca, Mg, K, P, $K_2O$ စသည့်ပါရာမီတာများအား စီမံကိန်းအတွင်း FAO (Food and Agriculture Organization) လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိမရှိ တစ်နှစ်လျှင် (၂)ကြိမ် စောင့်ကြည့်တိုင်းတာရန်၊

(၅) တည်ဆောက်ရေးကာလနှင့် လည်ပတ်သည့်ကာလများတွင် မီးဘေး အန္တရာယ် စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ မီးဘေးအန္တရာယ် ကင်းရှင်းမှု ရှိမရှိ နှင့် ပစ္စည်းများ သုံးစွဲနိုင်မှု ရှိမရှိအား Fire Safety Certificate ပါ အချက်များ အတိုင်း လိုက်နာမှု ရှိမရှိအား နေ့စဉ် သို့မဟုတ် လစဉ် ပုံမှန် စစ်ဆေး ခြင်းများ ဆောင်ရွက်ရန်၊

(၆) တည်ဆောက်ရေးကာလနှင့် လည်ပတ်သည့်ကာလများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းမှုနှင့်ပတ်သက်၍ လုပ်ငန်းခွင်အတွင်း အရေးပေါ် ဖြစ်ပွားမှုများ မှတ်တမ်းထားရှိခြင်းနှင့် ဆောင်ရွက်ထားရှိမှုများအား နေ့စဉ် စစ်ဆေးခြင်းများ ဆောင်ရွက်ရန်။

(၄) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** အစီရင်ခံစာပါပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် အစီရင်ခံစာ၌ ဖော်ပြ ထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(၅) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** ဒေသခံပြည်သူများနှင့်တိုင်ပင်ဆွေးနွေး ခြင်းကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီး ဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(၆) **လျာထားအသုံးစရိတ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် လုံလောက်မှု မရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလ၊ လုပ်ငန်းလည်ပတ်သည့်ကာလနှင့် လုပ်ငန်း ပိတ်သိမ်းသည့်ကာလများတွင် စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်အတွက် အစီရင်ခံစာပါ ဖော်ပြချက်များအတိုင်း လျာထားသုံးစွဲရန်၊

(၂) ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုလျော့နည်းစေရေး ဆောင်ရွက်မည့်အစီအစဉ် အတွက် အစီရင်ခံစာပါ ဖော်ပြချက်များအတိုင်း လျာထားသုံးစွဲရန်၊

(၃) ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အသိပညာပေး သင်တန်းများအတွက် အစီရင်ခံစာပါ ဖော်ပြချက်များအတိုင်း လျာထားသုံးစွဲရန်၊

(၄) လိုအပ်ပါက အစီရင်ခံစာပါ ဖော်ပြချက်များအတိုင်း ထပ်မံ ဖြည့်စွက် ဆောင်ရွက်ရန်။

(ဃ) **လုပ်ငန်းပိတ်သိမ်းခြင်း စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမှိုက်များအား အမျိုးအစားခွဲခြား၍ စနစ်တကျ စွန့်ပစ်ခြင်းနှင့် ပြန်လည် အသုံးပြု၍ ရသော ပစ္စည်းများအား ရောင်းချခြင်းတို့ ဆောင်ရွက်ရန်၊

(၂) တူးဖော်ပြီး မြေများအား ပြန်လည်ဖြည့်တင်းခြင်းနှင့် အကြီးမြန်သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်၊

(၃) ပြန်လည်အသုံးပြု၍ မရသော စွန့်ပစ်အမှိုက်များအား သက်ဆိုင်ရာရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ချိတ်ဆက် စွန့်ပစ်ရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် ၆ တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ပါဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ အလေးထား လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာပင်မလုပ်ငန်းစဉ်(၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀) တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှပ်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိ

လာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတ ဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက်ပါ အပိုဒ် ၁.၁ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေ အရည်အသွေးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) အနှံစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက် အပိုဒ် ၁.၄ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၅) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၆) မြေပေါ်ရေအရည်အသွေး စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အား အမျိုးသားမြေပေါ်ရေအရည်အသွေးစံချိန်စံညွှန်းများ(၂၀၂၄)ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၇) စီမံကိန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့်သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

(၈) စီမံကိန်းတွင် အသုံးပြုသည့် စက်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ ပြောင်းလဲမှုရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဂ) **မြေအရည်အသွေး စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထားရှိရာတွင် မြေဆီလွှာထိခိုက်မှု မရှိစေရေး စနစ်တကျ စီမံ ဆောင်ရွက်ထားရှိရန်၊

(၂) လောင်စာဆီများ ယိုဖိတ်မှု မရှိစေရေး စနစ်တကျ သိုလှောင်ထားရှိရန်။

(ဃ) **ရေအရည်အသွေး စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေစီးရေလာ ကောင်းမွန်စေရန်အတွက် စီမံကိန်းဧရိယာအတွင်းရှိ ရေမြောင်းများအား ပုံမှန် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာသည့် စွန့်ပစ်ရေများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များပါ သတ်မှတ်ချက်များနှင့်အညီ သန့်စင်မှုပြုလုပ်ပြီးမှ စွန့်ပစ်ရန်။

(င) **ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင် သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအနီးတစ်ဝိုက်ရှိ ဒေသမျိုးရင်းများကို စီမံကိန်းဧရိယာပတ်ပတ်လည်တွင် ပြန်လည်စိုက်ပျိုး၍ စီမံကိန်းဧရိယာ တစ်ဝိုက် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်။

(စ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး တို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) ကျန်းမာရေးစစ်ဆေးပေးခြင်းအား တစ်နှစ်လျှင်(၂)ကြိမ် ဆောင်ရွက်ရန်၊ ကျန်းမာရေးစစ်ဆေးမှု မှတ်တမ်းများ ထားရှိရန်နှင့် လိုအပ်သော ပြုစုကုသမှုများကို ဆောင်ရွက်ရန်၊

(၄) ဓာတုပစ္စည်းများ ကိုင်တွယ်အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်းနှင့်သင်တန်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်ရန်၊

(၅) ဓာတုပစ္စည်းများထားသိုမည့် သီးသန့်အခန်းကိုစီစဉ်ခြင်းနှင့် စက်ရုံအတွင်း၌ ဘေးအန္တရာယ်ရှိကြောင်း ဖော်ပြချက်ရေးသားထားသော သတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်း၊ ဓာတုပစ္စည်းများ အန္တရာယ်ကင်းရှင်းရေး စီမံချက်များကို ရေးဆွဲ၍ စီမံဆောင်ရွက်ရန်။

(ဆ) **ဓာတုပစ္စည်းဆိုင်ရာ ကိုင်တွယ်ခြင်းနှင့် သိုလှောင်ခြင်းဆိုင်ရာ စည်းကမ်းချက်များ။** ဓာတုပစ္စည်းဆိုင်ရာ ကိုင်တွယ်ခြင်းနှင့် သိုလှောင်ခြင်းဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သတ်မှတ်ထားသည့် အမျိုးအမည်မရှိသော ဓာတုပစ္စည်းများ သိုလှောင်ခြင်းအား ဆောင်ရွက်ရန်၊

(၂) စီမံကိန်းအနေဖြင့် သက်ဆိုင်ရာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ စတင်ပြုလုပ်ခြင်းမပြုမီ လိုင်စင်ရရှိသူမှ လိုက်နာရမည့် သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်ရန်၊

(၃) ထူးခြားသော အခြေအနေဖြစ်ပေါ်လာပါက အလွယ်တကူဆက်သွယ် အသုံးပြုနိုင်ရန် တယ်လီဖုန်းအား အရေးပေါ်ထွက်ပေါက်တွင် ထားရှိရန်၊

(၄) လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသူများကို ဓာတုပစ္စည်းများ သုံးစွဲခြင်း နည်းလမ်းများ၊ သိုလှောင်မှုစနစ်များအား အသိပညာပေးခြင်းနှင့် သင်တန်းများ ပို့ချပေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(၅) ဓာတုပစ္စည်းများထားရှိသောနေရာ အောက်ခြေတွင် အောက်ခံခွက် ပြုလုပ်ပြီး သဲများခင်းထားရန်၊

(၆) သိုလှောင်ရာပုံးများ၊ အိတ်များကို စနစ်တကျ သိုလှောင်ထားရှိရန်နှင့် အဖုံးများ လုံအောင်ပိတ်ထားရန်။

(ခ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောင့်အယှက်များ၊ ပတ်ဝန်းကျင် သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဃ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း

သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီ အတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်း အဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယ တိုးချဲ့ ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဇရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေပြောင်းလဲမှုများကြောင့် လည်းကောင်း ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် တစ်ဖက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခ ခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိတိုးတက်မှု၊

(ဂ ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(င င) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စ စ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလတ်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ည) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(၎) **လူမှုတာဝန်သိ အစီအစဉ်(CSR)ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** လူမှု တာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ(Community Development Plan) ဆောင်ရွက် ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း(Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက် ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက် များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရမည်။

(၅) **အများပြည်သူ သိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်း အဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်း နှင့်ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာ ဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာ ဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေ အသိပေးထုတ်ဖော် ကြေညာရမည်။

(၆) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ် ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာအခွင့်အမိန့်ရ အဖွဲ့အစည်းထံမှ စာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့် အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ် ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိဘက်စုံ စောင့်ကြပ်ကြည့်ရှု စစ်ဆေး

ခြင်းကို လက်တွေ့ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ခတ်ခွဲခဲ့ဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ(Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ်(ရေ၊ လေ၊ ဆူညံသံ)များ၊ နည်းစနစ်များ၊ နမူနာ စုဆောင်းခြင်းနှင့် ခတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လတစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀)ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့်

စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေး ဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူ သိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀)ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့် ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့် ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်ဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေနမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ် စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင်

မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဓ) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရန်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ ၅ နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆)လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန် တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်ဖက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု

အစီအစဉ်(EMP)ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ် ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)ကို မူလ အတည်ပြု ခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီ အစဉ်(EMP)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များထုတ်ဖော် ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက် များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာ ဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)ပါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ် များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့်အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်း တစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆုပ်ကွန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏

ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---